# မွန်ပြည်သစ်ပါတီ၏အားလုံးပါဝင်သည့်တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ရပ်တည်ချက်အပေါ် သဘောထားထုတ်ပြန်ချက်

အောက်တိုဘာ ၁၂၊ ၂၀၁၅

မွန်ပြည်သစ်ပါတီ၏အားလုံးပါဝင်သည့်တနိုင်ငံလုံးအပစ်ရပ်စဲရေးသဘောတူညီမှု လက်မှတ်ထိုးရေး ရပ်တည်ချက်ကို ကျနပ်တို့ နိုင်ငံတကာရောက်မွန်အမျိုးသားများက အပြည့်အဝထောက်ခံပါသည်၊ ပြည်ထောင်စုငြိမ်းချမ်းရေးအကောင်အထည်ဖော်ရေးဒုဥက္ကဋ္ဌဦးအောင်မင်းသည် စက်တင်ဘာလ ၂၅-ရက် မွန်ပြည်နယ်သံဖြူဇရပ်မြို့တွင်မွန်ပြည်သစ်ပါတီဥက္ကဋ္ဌနိုင်ထော်မွန်နှင့်တွေ့ဆုံပြီး တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ထိုးရန် တိုက်တွန်းခဲ့ပါသည်၊သို့ရာတွင် မွန်ပြည်သစ်ပါတီက စာချုပ်လက်မှတ်ထိုးရေးသည် ၄င်း၏အားလုံးပါဝင်ရေးမူအပေါ်တွင် စွဲမြဲစွာ ရပ်တည်ခဲ့ပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပေါ် ထိုးစစ်ဆင်နေခြင်းကို လုံးဝရပ်ဆိုင်းခြင်းမရှိသ၍ တိုင်းရင်းသားအားလုံးပါဝင်လက်မှတ်ထိုးခွင့်မရှိသည့် အပစ်ရပ်စာချုပ်မျိုးသည် တိုင်းပြည်၏စစ်မှန်သည့်ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်မည်မဟုတ်ဟု မွန်ပြည်သစ်ပါတီက ယုံကြည်သည်၊ထို့ကြောင့် စက်တင်ဘာလ ၂၈-၃၀ ရက်နေ့တွင်ကျင်းပသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ထိပ်သီး အစည်းအဝေးတွင် အားလုံးပါဝင်ရေးမူကို ဆက်လက်တောင်းဆိုရန် မွန်ပြည်သစ်ပါတီသည် အခြားတိုင်းရင်းသား ၉ ဖွဲ့နှင့်အတူ တနိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်မထိုးရန် ဆုံးဖြတ်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုလွတ်လပ်ရေးရသည့်အချိန်ကတည်းက ပြည်တွင်းငြိမ်းချမ်းမှု မရရှိပေ၊ မြန်မာအစိုးရအဆက်ဆက်သည် တိုင်းရင်းသားလူမျိုးများအပေါ် နှစ်ပေါင်း ၆၀ ကျော်ကြာ စစ်ပွဲဆင်နွှဲနေပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးနှင့်အပစ်ခတ်ရပ်စဲရေးရရန် မည်သည့်အခါမျှ မကြိုးပမ်းခဲ့ပေ၊၄င်းအစား အစိုးရသည်သပ်သျှုံဖြိုခွဲရေးပေါ်လစီကျင့်သုံးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့်အပစ်ခတ်ရပ်စဲရေးရယူသည့်အချိန်တွင် အခြားအဖွဲ့ပေါ် ဆက်လက်တိုက်ခိုက်နေသည်ကို တွေ့ရပေသည်၊ဥပမာအားဖြင့် ၁၉၈၉-၂၀၁၀ ကာလတွင် ယခင်အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်အပစ်ခတ်ရပ်စဲရေးသဘောတူညီမှုလက်မှတ်ထိုးနိုင်သော်လည်း ရှမ်းပြည်ပြည်လည်ထူထောင်ရေးကောင်စီ၊ကရင်အမျိုးသားအစည်းအရုံးအဖွဲ့များနှင့် အပစ်ခတ်ရပ်စဲရေးသဘောတူညီမှု လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့သည်။

၂၀၁၀ ခု သမတဦးသိန်းစိန်အာဏာရလာပြီးနောက်တွင် ရှမ်းပြည်ပြည်လည်ထူထောင်ရေးကောင်စီ၊ ကရင်အမျိုးသားအစည်းအရုံးအဖွဲ့များနှင့်အပစ်ခတ်ရပ်စဲရေးသဘောတူညီမှု လျင်မြန်စွာ လက်မှတ်ထိုး

နိုင်ခဲ့ပါသည်သို့သော်နိုင်ငံ၏မြောက်ပိုင်းရှိကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့နှင့်အခြားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် ထိုးစစ်ဆင်နေသည်ကို တွေ့ရပေသည်၊တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့ဖြင့် ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းထားသည့် တနိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့(NCCT)သည်အစိုးရနှင့် ၁၇ လကြာဆွေးနွေးညှိနှိုင်းခဲ့ပါသည်၊သို့သော်လည်း သဘောတူစာချုပ်လက်မှတ်ထိုးသည့်အချိန်တွင် အစိုးရသည် NCCT အဖွဲ့ဝင် ၁၁ ဖွဲ့ကိုသာ ဖိတ်ခေါ်ပြီး ၆ ဖွဲ့ကို ချန်ထားခဲ့ပါသည်၊၎င်း ၆ ဖွဲ့အနက် ၃ ဖွဲ့သည် အစိုးရနှင့်တိုက်ပွဲ ဆက်လက်ဖြစ်ပွားနေသည်ကို တွေ့ရပေသည်၊ထို့ကြောင့် တနိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးစာချုပ်သည်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့်လက်မှတ်ထိုးပြီး အဖွဲ့အချို့ကိုချန်ထားသည့် အစိုးရ၏နောက်ထပ်သပ်သပ်ချုပ်ခြိုခွဲရေးပေါ်လစီတခုပင် ဖြစ်သည်၊ အားလုံးပါဝင်နိုင်သည့် အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်နှင့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးမပြုလုပ်နိုင်သ၍ တည်တံ့သည့်စစ်မှန်သောငြိမ်းချမ်းရေးနှင့် ၆၀ နှစ်ကျော်ကြာ ပြည်တွင်းစစ်အဆုံးသတ်ရေးကို ရရှိနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် နိုင်ငံတကာရောက် ကျနုပ်တို့မွန်လူမျိုးများသည်

၁၊အားလုံးပါဝင်ရေးပေါ်လစီအပေါ်ဆက်လက်ရပ်တည်သွားရန်နှင့်တနိုင်ငံလုံးငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် ဦးဆောင်သည့်အခန်းကဏ္ဍမှ ဆက်လက်ပါဝင်သွားရန် မွန်ပြည်သစ်ပါတီအား တိုက်တွန်းကြောင်း။

၂၊အစိုးရ၏နိုင်ငံရေး၊စစ်ရေးဖိအားကို တွန်းလှန်နိုင်ရန်အတွက် မွန်ပြည်သစ်ပါတီအား ပိုင်းရံထောက်ခံကြပါရန် ပြည်တွင်းပြည်ပရှိ မွန်လူမျိုးများအား တိုက်တွန်းကြောင်း။

၃၊အားလုံးပါဝင်နိုင်သည့်တနိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးနှင့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးအပေါ် ထောက်ခံကြပါရန် ပြည်တွင်းနိုင်ငံရေးပါတီများ၊လူထုအခြေပြုအဖွဲ့အစည်းများနှင့်နိုင်ငံတကာမိသားစုများအား တိုက်တွန်းအပ်ပေသည်။

၁.မွန်အမျိုးသားညီညွတ်ရေးအဖွဲ့ချုပ် (ထိုင်းနိုင်ငံ)

၂.ထိုင်းနိုင်ငံမွန်အသင်း

၃.အဂေးရောက်မွန်အသင်း နယူဇီးလန်

၄.မွန်မျိုးဆက်အဖွဲ့အစည်း အင်္ဂလန်

၅.ဒိန်မတ်မွန်အဖွဲ့အစည်း

၆.မွန်အဖွဲ့အစည်းနော်ဝေး

၇.ပန်နီကါရီမွန်အမျိုးသားအဖွဲ့ ဂျပန်

၈.မွန်မလေးရှားအဖွဲ့

၉.မွန်လူငယ်များအဖွဲ့ လွတ်မြောက်နယ်မြေ

၁၀.ဩတြေးလီယားမွန်အဖွဲ့

၁၁.ကနေဒါမွန်အရည်အချင်းမြှင့်တင်ရေးအဖွဲ့

၁၂.အမေရိကမွန်အမျိုးသမီးအဖွဲ့(USA)

၁၃.အမေရိကမွန်သင်ဂအဖွဲ့ (USA)

၁၄.မြောက်ကါလိုရိုင်နားမွန်အဖွဲ့ (USA)

၁၅.ဘတ်ဖိုလိုမွန်အဖွဲ့ (USA)

၁၆.အိုဟာအိုမွန်အဖွဲ့(USA)

၁၇.မွန်ပြည်ပြန်လည်ထူထောင်ရေးကောင်စီ (Fort Wayne, IN, USA)

၁၈.အိုင်အိုဂမွန်အဖွဲ့(USA)

၁၉.မီနီဆိုတာမွန်အဖွဲ့(USA)

၂၀.ကိုလိုရာဒိုမွန်အဖွဲ့(USA)

၂၁.တက်ဆက်မွန်အဖွဲ့(USA)

၂၂.အရီဆိုနာ မွန်အဖွဲ့(USA)

၂၃.ယူထမွန်အဖွဲ့(USA)

၂၄.အောရီကွန်မွန်အဖွဲ့(USA)

၂၅.ဖလိုရီဒါမွန်အဖွဲ့(USA)

Media contacts:

Nai Kasuah Mon (Thailand) +66 813659140

Minn Thein Oo (Europe) +45 27215597

Nai Pamoik Chan (North America) 780-298-5796